	It was verified that the Public Meeting is mentioned on pages 9-1 to 9-32 for the EIA stage.	Starting from 9.2.4 the EIA stage public consultation, the EIA stage PCM is described, but only the meeting schedule is described, and the list of villages that attended, the number of people invited for each village, photos, and the Attendant list for each village should be described.	The list of villages for EIA PCM is described under section 9.2.4.2. (Page 9-13 and 9-14)
		Although pages 9-11 state that the EIA level PCM was held in Sep 2022, please provide the list of villages that attended, the number of villagers, the number of villages that attended, the photos of the participants, the evidence of attendance, and the attendant list for each village.	Section 9.2.4.2 shows the list of villages and the number of participants. (Page 9-13 and 9-14)
		To describe whether the departments have been attended the meeting and whether the attended participants sufficient for the villages that will be affected by the project.	The information is described under section 9.2.4.2 List of villages for public consultation meeting. (Page 9-13)
		Although it is stated that PCM was held in Nuant Village and Kha Pyat Village, it was verified that these villages are not included in the village map.	The updated map is added in Figure 9 6: 1 Km and 5 Km radius from Facilities for Public Consultation Meeting (Page 9-15)
		To explain why the EIA was conducted in Naunt Mee and Kha Pyat villages were not included in the villages that could be affected by the project.	The updated map is added in Figure 9 6: 1 Km and 5 Km radius from Facilities for Public Consultation Meeting (Page 9-15)
		To describe whether the departments have been attended the meeting and whether the attended participants sufficient for the villages that will be affected by the project.	The explanation of attending EIA PCM by the relevant department is described under section 9.2.4.2 and the **APPENDIX I and II** is also atteched.
		Summary of key questions and response of PCM is described. Describe the meeting minutes, which include the views and concerns of the project participants, and how their questions were addressed.	The meeting minute will be attached in **APPENDIX I** for scoping stage and **APPENDIX II** for EIA stage.
		To indicate whether or not the meeting participants covers the AOI that may be affected by the project.	The information of how meeting participants cover the AOI is described under section 9.2.4.2List of Villages for EIA Public Consultation Meeting.
		To specifically state the number of fishermen that attended the meeting and to outline the plans that will address their needs and demands.	Number of fisherman is shown in Figure 9 8: Participants' occupation. (Page 9-21)
		Describe a plan to compensate for the impact on fishing activities caused by project implementation and address concerns about job losses for local farmers and fishermen.	8.27 Compensation & Livelihood Restoration Plan for Fishermen and Farmers describes the plan for job losses of fisherman and farmers. (Page 8-151)

		According to local reports, the pipeline is located near the Dedalu canal and farmland nearby. The locations where the canals can be crossed, the design and capacity of the pipeline, and the mitigation measures for the impact on local agricultural areas (Project description, mitigation measure, EMP) should be added in the sections.	The detail pipeline information is added in the project description chapter, section 4.15 Field Pipeline (Page 4-45). 8.27 Compensation & Livelihood Restoration Plan for Fishermen and Farmers describes the plan for job losses of fisherman and farmers. (Page 8-151)
	Weather and meteorological description	It has been verified that the project area's Temp, rainfall (1981- 2010), wind and tropical cyclone (1999-2019) are described. Should be 1994-2024 to analyze the 30-year weather data and analyze whether there is a possibility of impact on the project activities.	30 years (1994 to 2023) meteorological data is described in figure 5-81, figure 5-82 and table 5-59 (Page 5-134)
		Project operations (including offshore and onshore facilities) may result in greenhouse gas emissions (mainly from installation activities, fuel consumption, flaring and venting activities, marine traffic, and the destruction of carbon sinks such as seagrass beds, mangroves, etc.), ocean warming and acidification (GHG emission, chemicals, pollutants and oil spills, discharge of heated water from cooling systems), which may lead to changes in sea surface temperature, sea level rise, and changes in rainfall and seasonal weather patterns. Therefore, it is necessary to include the most recent climate and meteorological data available during the project implementation period and analyze the impacts/potential impacts of the project.	
	GHG emission (onshore and offshore)	The following also need to be calculated:	
		Calculate emissions from natural gas flaring (burning off excess gas) and methane emissions from the extraction process. (methane is a potent GHG_ about 25 times more effective at trapping heat in the atmosphere than carbon dioxide (CO2) over a 100 year period). (Because: flaring, the controlled burning of excess gas during oil and gas production is a common practice in the industry. While flaring is necessary for safety and operational reasons, it also has significant environmental implications such as greenhouse gas emissions and local air pollution)	6.10.1.2 Assessment of Impacts from Greenhouse Gases (GHG) shows the calculation that describe total GHG emissions from flaring, applying fuel consumption estimates, default emission factors, and CO_2 eq conversions. (Page 6-146)
		Mitigation measures include driving practices that reduce the risk of accidents, fuel consumption and dust generation, shutting down all vehicles and equipment when not in use, and reporting on GHG emissions. The following measures are also required to be implemented:	
		Methane leaks: Regularly inspect and maintain wells, pipelines, and equipment for methane leakage, and implement advanced leak detection technologies.	A gas leak detection system is being considered in design. It will include monitoring equipment and alarms designed to detect leaks early and support quick response. The engineering design is attached in APPENDIX VII.
		Minimize flaring by installing gas recovery systems and gas to liquids (GTl) technology, and carbon capture and storage, carbon capture and utilization and storage methods.	For onshore, we studied these options during FEED, and value engineering but, it is not applicable with our processing plant inclusive with cost impact but finally we applied solar at AMS01.
		Convert to renewable energy sources such as wind, solar, or wave energy.	The information is added under section 4.12.3.5 Auxiliary system (Page 4039)
		Implement decarbonization measures.	PTTEP implements decarbonization measures involving adoption stratigies to reduce carbon emission (for example renewable energy adoption (solar energy)) and engaging monitoring, reporting and stakeholder engagement.
		The project operation may damage carbon sinks such as seagrass beds, mangroves, etc., so it is necessary to assess and replant to compensate for the damage or to absorb carbon dioxide.	PTTEP consider this mitigation measure under CSR activities. The ongoing CSR activities are mentioned under Chapter 9, section 9.4 Further Ongoing Consultation. (Page 9-38)

		If any artifacts are found, please contact the Department of Archaeology and National Museums through the nearest administrative office.	If any artifacts are discovered during the project, PTTEP will promptly contact the Department of Archaeology and National Museums through the nearest administrative office.
	Department of Maritime Transport Administration	To issue a notice to mariners to ensure safety during the work, and to submit it to the Department of Maritime Administration, stating the latitude and longitude coordinates of the area where the project will be carried out, and the time period for the work to be carried out. To disclose the “Marine Population Law (draft)” being drafted by the Department of Maritime Administration.	The Notice to Mariners will be issued and submitted to the Department of Maritime Administration, including the latitude and longitude coordinates of the project area and the work schedule. The related information are also described in every relevant sections in the report.
		The international convention for oil spill contingency plan is the international convention on civil liability for bunker oil pollution damage, 2001 (BUNKER convention).	
		Department of Marine Administration is needed to be added to Tier 2 and Tier 3 of 8.20.5: Myanmar Asset Spill Response Organization. If an oil spill occurs, and Oil Spill Response Limited (OSRL) assist will be received, PTTEPI should be a member of OSRL or have a contract with OSRL.	PTTEP is a member of OSRL and the information is provided in section 8.20.4.1 Spill Management Plan for Tier 3 of PTTEP Myanmar Asset. (Page 8-130 to 8-136)
		After signing the contract with OSRL, when the work begins, a copy of the contract needs to be submitted to the Maritime Administration Department.	PTTEP is a member of OSRL and the information is provided in section 8.20.4.1 Spill Management Plan for Tier 3 of PTTEP Myanmar Asset. (Page 8-130 to 8-136)
		It is founded that the disposal of waste and garbage generated from the exploration drilling work of the offshore oil block M3 to be implemented by PTTEPI to the Reception Facilities and keep records. It is stated that the information is stated in Appendix B, but the appendix is not included. Please attach the Appendix B.	Myanmar Asset Waste Management Procedure is in Appendix IV (a).

CONTENTS

1 စီမံကိန်းအကျဉ်းချုပ် 1
1.1 စီမံကိန်းအကြောင်းအရာ 1
1.2 စီမံကိန်းအဆိုပြုသူ 2
1.3 ဥပဒေ၊ မူဝါဒနှင့် ဖွဲ့စည်းပုံမူဘောင် 3
1.3.1 နိုင်ငံအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ 3
1.3.2 နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ 3
1.3.3 PTTEPI ၏ SSHE မူဝါဒ 3
1.4 စီမံကိန်းဖော်ပြချက် 4
1.4.1 ရည်ရွယ်ချက် 4
1.4.2 စီမံကိန်းအား ထိန်းညှိခြင်း 4
1.4.3 စီမံကိန်းဖော်ပြချက် 4
1.4.4 ညစ်ညမ်းမှုကာကွယ်ခြင်း 5
1.4.5 စီမံကိန်းအချိန်ဇယား 6
1.4.6 စီမံကိန်း၏အခြားရွေးချယ်စရာနည်းလမ်းများ 6
1.5 ပတ်ဝန်းကျင်အခြေအနေဖော်ပြချက် 7
1.5.1 ပထဝီဝင်အနေအထားဖော်ပြချက် 7
1.5.2 မြေမျက်နှာသွင်ပြင် 9
1.5.3 ဇီဝပတ်ဝန်းကျင်အခြေအနေ 9
1.5.4 ကာကွယ်ထားသောဇရိယာများ 10
1.5.5 လူမှုစီးပွားရေးအခြေအနေ 13
1.5.6 လူဦးရေ 13
1.5.7 စိုက်ပျိုးရေး 14
1.5.8 စက်မှုလက်မှုလုပ်ငန်း 16
1.6 ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံနမူနာကောက်ယူခြင်း အစီအစဉ် 17
1.7 အဓိကပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများနှင့် လျော့ချရေးနည်းလမ်းများ 19
1.7.1 ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှု 19
1.7.2 စီမံကိန်းဆောင်ရွက်မှုများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရန်နှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍများ 20
1.8 စုပေါင်းသက်ရောက်မှု 26
1.9 ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် (EMP) 27
1.9.1 နိဒါန်း 27
1.9.2 ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ လျော့ချရေးနည်းလမ်းများနှင့် ဆောင်ရွက်မည့် အစီအစဉ်များ 28
1.9.3 ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း 128

1.9.4 ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခန့်မှုအစီအစဉ်ခွဲများ 145
1.10 လူထုတွေ့ဆုံဆွေးနွေးခြင်းနှင့် ထုတ်ပြန်ကြေငြာခြင်း 146
1.10.1 နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအဆင့် လူထုတွေ့ဆုံဆွေးနွေးခြင်း 146
1.10.2 EIA အဆင့် လူထုတွေ့ဆုံပွဲ 1-150
1.10.3 လူမှု-စီးပွားနှင့် သဘောထားစစ်တမ်းကောက်ယူခြင်း 154
1.10.4 လူထုအားထုတ်ဖော်ပြောကြားခြင်း 155
1.11 နိဂုံးနှင့် အကြံပြုချက်များ 157

1 စီမံကိန်းအကျဉ်းချုပ်

1.1 စီမံကိန်းအကြောင်းအရာ

အောင်သိခ် (ASK) ဖွံ့ဖြိုးရေးစီမံကိန်းသည် လေဆီ (condensate) ထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပြီး မြန်မာနိုင်ငံ မုတ္တမကွေ့တွင် တည်ရှိပါသည်။ ဖွံ့ဖြိုးရေးဧရိယာသည် ကမ်းလွန် မုတ္တမကွေ့တွင် တည်ရှိပြီး ထုတ်လုပ်မှု ခွဲဝေခြင်းစာချုပ် (PSC) အရ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) မှပိုင်ဆိုင်သော လုပ်ကွက် M-3 တွင် ပါဝင်ပါသည်။

PTTEPI သည် ထုတ်လုပ်မှု ခွဲဝေခြင်းစာချုပ် (PSC) ကို မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်း (MOGE) နှင့် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့သည် PSC စတင်အကျိုးဝင်သည့်နေ့ဖြစ်ပါသည်။ ထို့နောက် PTTEPI သည် 2D ဆိုက်စမစ်တိုင်းတာမှု 2,842 line-km၊ 3D ဆိုက်စမစ်တိုင်းတာမှု 619 km နှင့် တူးဖော်ရေးနှင့် ရေနံအစမ်းတွင်း ၁၁ တင်း တူးဖော်ထားပြီး ဖြစ်ပါသည်။

၂၀၁၅ တွင် အစမ်းတွင်းနှင့် တူးဖော်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးနောက် ၂၀၁၈ အောက်တိုဘာလတွင် PTTEPI သည် လုပ်ငန်းဖွံ့ဖြိုးရေးအစီအစဉ်ကို ပြီးစီးအောင်ဆောင်ရွက်ပြီး MOGE သို့ တင်ပြခဲ့ပါသည်။

PTTEPI သည် အောင်သိခ် (ASK) စီမံကိန်း၏ ပထမအဆင့် Phase 1A ကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ၂၀၂၈ တွင် ဓါတ်ငွေ့တင်ပို့နိုင်ရန် မျှော်မှန်းထားပါသည်။ အောင်သိခ် (ASK) လုပ်ကွက်သည် အနီးဆုံးကမ်းမှ ၃၀ ကီလိုမီတာ ဒေါ်ညိမ်းကျေးရွာ land fall point (LFP) မှ ၇၀ ကီလိုမီတာ နှင့် ရန်ကုန်မြို့အနောက်တောင်ဘက်မှ ခန့်မှန်း ၂၀၀ ကီလိုမီတာခန့်အကွာတွင် ရှိပါသည်။

ပြည်တွင်းဓါတ်ငွေ့ေစျးကွက်အတွက် နေ့စဉ်ထုတ်လုပ်မှုပမာဏ သဘောတူညီချက် (DCQ) အရ 60 MMSCFD အားမျှော်မှန်းထားပြီး နောက်တဆင့်တွင် 100 MMSCFD တိုးမြင့်ထုတ်လုပ်သွားရန် အလားအလာရှိပါသည်။

၂၀၁၅ ဒီဇင်ဘာလတွင် ထုတ်ပြန်ထားသော မြန်မာ့ EIA လုပ်ထုံးလုပ်နည်းအရ ဓါတ်ငွေ့တူးဖော်ရေး၊ ပိုက်လိုင်းများနှင့် ထုတ်လုပ်ရေးလုပ်ငန်း အရွယ်အစားအားလုံး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) လေ့လာမှုကို ဆောင်ရွက်ရန်လိုအပ်ပြီး ထည့်သွင်းစဉ်းစားခြင်းနှင့် အတည်ပြုချက်များရယူရန် စီမံကိန်းမစတင်မီ သက်ဆိုင်ရာ အာဏာပိုင်များသို့ တင်ပြရန် လိုအပ်ပါသည်။ PTTEPI သည် စီမံကိန်းအဆိုပြုချက်ကို တင်ပြခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ECD သည် စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း EIA ဆောင်ရွက်ရန် အကြံပြုခဲ့ပါသည်။ PTTEPI သည် စီမံကိန်းအတွက် EIA လေ့လာမှုဆောင်ရွက်ခြင်းနှင့် အစီရင်ခံစာ ပြင်ဆင်ရန် ပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးအဖွဲ့ဖြစ်သော International Environmental Management (IEM) Co. Ltd. နှင့် ၎င်း၏ မိတ်ဖက်ကုမ္ပဏီဖြစ်သော Environmental Quality Management (EQM) Co. Ltd. တို့ကို ရွေးချယ်ခဲ့ပါသည်။

လုပ်ကွက် M-3 ၏ ယေဘူယျဖော်ပြချက်ကို ပုံ ၁-၁ တွင် ဖော်ပြထားပါသည်။

General Information	
Partner	PTTEPI 100% (Operator)
Area	6,206 sq km, Gulf of Moattama
Water Depth	15 – 20 m
E/A Well Activities	11 wells drilled
Discovery Field	Aung Sinkkha (ASK) – Gas/Condensate
OGIP	788 BCF (FDP rev.0)
2P	242 BCF (FDP rev.0)
Current Status	- Received ASK FDP Approval in April 2022 - Completed ASK Pre-development Activities (Surveys and FEED) in Q1 2023 - To issue EPC Call for Tender in Q3 2025

ပုံ ၁-၁ လုပ်ကွက် M-3 ယေဘူယျဖော်ပြချက်

1.2 စီမံကိန်းအဆိုပြုသူ

PTT Exploration and Production Public Company Limited (သို့) PTTEP သည် ထိုင်းနိုင်ငံ၏ ရေနံတူးဖော်ရှာဖွေရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခု ဖြစ်ပြီး ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်သော နိုင်ငံကို ရေရှည်တည်တံ့သော ရေနံနှင့် သဘာဝဓါတ်ငွေ့ ထောက်ပံ့နိုင်ရန် ရည်ရွယ်ထားပါသည်။ မြန်မာနိုင်ငံသည် PTTEP နိုင်ငံတကာ အကျိုးတူဆောင်ရွက်သော ပထမဆုံး အရှေ့တောင်အာရှနိုင်ငံဖြစ်ပြီး လွန်ခဲ့သော ၂၈ ကတည်းက ရောက်ရှိလုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ကုမ္ပဏီသည် ထိုင်းပင်လယ်ကွေ့မှ ၎င်း၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို အသုံးပြု၍ မြန်မာနိုင်ငံတွင် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံအတွင်း သီးခြားရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၇ ခုတွင် လုပ်ကိုင်ရန် ပြင်ဆင်နေပါသည်။

မြန်မာနိုင်ငံ၏ ရေရှည် ယုံကြည်ရသောမိတ်ဖက်အဖြစ် PTTEPI သည် မြန်မာ့ ရရှည်တည်တံ့သော စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူစွမ်းအား ဖွံ့ဖြိုးရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကုမ္ပဏီအမည်	PTTEP International Limited
လိပ်စာ	အမှတ် ၂၊ ဆည်မြောင်းရိပ်သာလမ်း၊ ၈ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။
အဓိကဆက်သွယ်ရမည့်ပုဂ္ဂိုလ်	နေဆန်းဦး ဇာခြည်စိမ့်
ဖုန်း	95 (1) 8652700 ~04
ဝက်ဘ်ဆိုက်	www.myanmar.pttep.com

ပုံ ၁-၂ PTTEPI အား ဆက်သွယ်ရမည့်လိပ်စာ

1.3 ဥပဒေ၊ မူဝါဒနှင့် ဖွဲ့စည်းပုံမူဘောင်

1.3.1 နိုင်ငံအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအပိုဒ် ၇ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ပုဒ်မ ၅၂ နှင့် ၅၃ တို့အရ PTTEPI သည် အဆိုပါ စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ရရှိရန် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာကို ရေးဆွဲရန် လိုအပ်ပါသည်။

EIA လေ့လာမှုဆောင်ရွက်ခြင်းအတွက် လိုအပ်သော ဥပဒေများအားလုံးကို လိုက်နာ ဆောင်ရွက်သွားပါမည်။

- မြန်မာနိုင်ငံဖွဲ့စည်းအုပ်အခြေခံဥပဒေ၊ (၂၀၁၈)
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ (၂၀၁၆)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ။ (၂၀၁၂)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ။(၂၀၁၄၊ ဇွန်လ)
- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)
- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အုပ်ချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ မူကြမ်း (၂၀၁၅)
- ကုန်းတွင်းနှင့် ကမ်းလွန် ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု လမ်းညွှန်ချက်မူကြမ်း (၂၀၁၅၊ ဒီဇင်ဘာ)
- မြန်မာနိုင်ငံ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ငန်းများအတွက် လူထုပါဝင်မှု လမ်းညွှန်ချက်မူကြမ်း
- အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (၂၀၁၅)
- IEE/EIA/SIA/HIA အစီရင်ခံစာများအတွက် နိုင်ငံတကာ စံသတ်မှတ်ချက်၊ အလေ့အကျင့်များ၊ လိုက်နာမှုနှင့် လမ်းညွှန်ချက်များ
- ကြိုတင်ပြင်ဆင်ခြင်း- ဥပမာ- International Finance Corporation (IFC), World Bank, Asian Development Bank
- သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၏ အခြား လိုအပ်ချက်များ

1.3.2 နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ

စီမံကိန်းသည် World Bank/ IFC (International Finance Corporation) လမ်းညွှန်ချက်များနှင့် လုပ်ငန်းစံသတ်မှတ်ချက်များ အပါအဝင် နိုင်ငံတကာပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကို လိုက်နာ ဆောင်ရွက်သွားပါမည်။

1.3.3 PTTEPI ၏ SSHE မူဝါဒ

PTTEPI သည် လုပ်ငန်းခွင်တွင် ပါဝင်လုပ်ကိုင်နေသော မည်သူမဆို၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် လုပ်ငန်းလည်ပတ်သည့် ဒေသရှိ ပြည်သူများ၏ ပိုင်ဆိုင်မှုနှင့် လုံခြုံရေးကို ကာကွယ်ရန် ကတိကဝတ် ပြုထားပါသည်။ လုပ်ငန်းလည်ပတ်သည့် မည်သည့်နေရာတွင် မဆို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များ ပြည့်ဝရန်အတွက် ဒေသတွင်းနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ကို အလေးထားပြီး လုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါသည်။

ၵင်းကတိကဝတ်များ ပြည့်မီရန်အတွက် စဉ်ဆက်မပြတ် တိုးတက်မှုကို တွန်းအားပေးရန်အတွက် ကျွန်ုပ်တို့၏ အဓိကအခြေခံမူများနှင့် တာဝန်ခံမှုများကို အလေးပေးဖော်ပြထားသော PTTEPI သည် SSHE စီမံခန့်ခွဲမှု စနစ် (SSHE MS) ထားရှိပါသည်။

1.4 စီမံကိန်းဖော်ပြချက်

1.4.1 ရည်ရွယ်ချက်

မြန်မာလုပ်ကွက် M-3 ၏ အောင်သိခ် (ASK) ဖွံ့ဖြိုးရေးစီမံကိန်း၏ ရည်ရွယ်ချက်မှာ တွင်း ၁၆ ခုစီပါဝင်သော Wellhead Platforms (WPA1 & WPA2) တပ်ဆင်ရန်၊ ASK ချိတ်ဆက်ပိုက်လိုင်းများ တပ်ဆင်ခြင်း (AIP)၊ ASK တင်ပို့သည့်ပိုက်လိုင်း (AEP)၊ ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း (APF)၊ ASK လေဆီ (condensate) offloading ဆောင်ရွက်ခြင်းနှင့် ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း (ACP), ၊ ASK ကုန်းတွင်းလုပ်ကွက် Valve Station (ABV) နှင့် ဆက်စပ် အထောက်အကူပြု ဆောင်ရွက်မှုများ ပါဝင်ပါသည်။

1.4.2 စီမံကိန်းအား ထိန်းညှိခြင်း

ASK လုပ်ကွက်ဆောင်ရွက်ခြင်းဖြင့် ကျိုက်လက် ပြည်တွင်းသုံး ဓါတ်အားပေးစက်ရုံ၊ ဓါတ်အားပေးစီမံကိန်း (DG2P) သို့ ဓါတ်ငွေ့ထောက်ပံ့နိုင်ခြင်းအပြင် မြန်မာအစိုးရမှ ရရှိမည့် အကျိုးကျေးဇူးများမှာ-

- ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတွင် ဓါတ်ငွေ့နှင့် လျှပ်စစ်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ခြင်း
- မုတ္တမကွေ့တွင် Volcanic Reservoir ဆောက်လုပ်ရန် ယာထားချက်အရ ယာယီလုပ်ကွက်တစ်ခုကို အကောင်အထည်ဖော်မည်ဖြစ်ပြီး ယှဉ်ပြိုင်နိုင်သည့် လျှပ်စစ်စျေးနှုန်းကို သတ်မှတ်ထားရှိနိုင်ရန် ပြည်တွင်းဓါတ်ငွေ့အသုံးပြုမှုကို တိုးချဲ့ခြင်း
- စီမံကိန်းကာလတလျှောက် PSC ဘဏ္ဍာရေးစနစ်အရ ဓါတ်ငွေ့ရောင်းချမှုမှ ထပ်ပေါင်းရရှိမှုများ (ဥပမာ- royalty, အမြတ်ခွဲဝေမှု၊ နှင့် ရေနံအခွန်) ကို မြန်မာအစိုးရမှရရှိခြင်း

1.4.3 စီမံကိန်းဖော်ပြချက်

ဓါတ်ငွေ့ကို ကမ်းလွန် wellhead platforms နှစ်ခုဖြစ်သော (WPA1 နှင့် WPA2) မှ ပို့ဆောင်ရေး ပိုက်လိုင်းများမှတဆင့် ဒေါ်ညိမ်းကျေးရွာရှိ ကုန်းတွင်း ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်သည့် (APF) နေရာသို့ ပို့ဆောင်ပါမည်။

ထုတ်လုပ်ရေးဆောင်ရွက်ပြီးပါက ရောင်းချမည့် ဓါတ်ငွေ့ကို APF အနီး GRS#2 ရှိ ချိတ်ဆက်နေရာ (tie-in point) သို့ ဓါတ်ငွေ့ပိုက်လိုင်း သွယ်တန်းပြီး ပို့ဆောင်ပါမည်။

ဝယ်ယူသူများထံသို့ ပို့ဆောင်ခြင်းမပြုမီ လေဆီကို ကုန်းတွင်းသိုလှောင်ရေးကန်များဖြင့် သိုလှောင်ထားပါမည်။ လုပ်ငန်းဒီဇိုင်းများသည်ဴ နေ့စဉ်ထုတ်လုပ်မှုပမာဏ သဘောတူညီချက် (DCQ) အရ 60 MMSCFD အားမျှော်မှန်းထားပြီး နောက်တဆင့်တွင် 100 MMSCFD တိုးမြင့်ထုတ်လုပ်သွားရန် အလားအလာရှိပါသည်။ ဓါတ်ငွေ့ထုတ်လုပ်ခြင်းကို ၂၀၂၈ ခုနှစ် ဒုတိယ လေးလပတ်တွင် စတင်ရန် မျှော်မှန်းထားပါသည်။

အောင်သိခဴ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း 1A အဆင့်တွင် အောက်ပါ စီမံကိန်းဆောင်ရွက်မှုများ ပါဝင်ပါသည်။

- wellhead platforms နှစ်ခု (WPA1 နှင့် WPA2)
- WPA1 နှင့် WPA2 ကို ဆက်သွယ်ထားသော Intra-field pipeline (AIP) ပိုက်လိုင်းတစ်ခု
- ASK Onshore Processing Facilities (APF) သို့ WPA01 နှင့် WPA02 ၏ပေါင်းစပ်အရည်များကို သယ်ယူပို့ဆောင်ရန်အတွက် Multiphase ပို့ကုန်ပိုက်လိုင်းတစ်ခု၊
- ASK Onshore Processing Facilities (APF)
- ASK Condensate Offloading and Personnel Transfer Facilities (ACP)
- ဒေါ်ညိမ်း landfall မှ APF သို့ ဆက်သွယ်ထားသော ကုန်းတွင်း multiphase export pipeline တစ်ခု

အောင်သိခန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ကမ်းလွန်နှင့် ကုန်းတွင်းလုပ်ငန်းများကို ပုံ ၁-၃ တွင် ဖော်ပြထားပါသည်။



ပုံ ၁-၃ အောင်သိခ် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ယေဘူယျလုပ်ငန်းများ

1.4.4 ညစ်ညမ်းမှုကာကွယ်ခြင်း

ပုံမှန် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုတွင် အောက်ပါအချက်များ ရှိရပါမည်။

- မိလ္လာသန့်စင်သည့်စနစ်
- လေဖြင့်လည်ပတ်သော အမှိုက်သိပ်သည်းစေသည့်စနစ်တစ်ခု
- အမှိုက်ကျိတ်စက်
- 25 bbls ရှိသော skimmer tank တစ်ခု
- 5 m^3/h ရှိသော ဆီနှင့်ရေခွဲထုတ်သည့်စက်

အထက်ပါ ပစ္စည်းကိရိယာများအပြင် တွင်းတူးစင် (သို့) ထောက်ပံ့ရေးယာဉ်များပေါ်တွင် အရေးပေါ် ဆောင်ရွက်ချက်များ (ဥပမာ- ဆီယိုဖိတ်မှု၊ ပေါက်ကွဲထွက်ခြင်း၊ စသည်ဖြင့်) အတွက် အခြားစက်ကိရိယာများစွာ လိုအပ်ပါသည်။ အောက်ပါ ဆောင်ရွက်ချက်များကို စီစဉ်ထားပါသည်။

- မီးသတ်ရေပိုက်

- IMO/SOPEP spill kit များ

ပေါက်ကွဲမှု အရေးပေါ် အစီအစဉ်၊ ဆီယိုဖိတ်မှု တုံ့ပြန်မှု အစီအစဉ်နှင့် အရေးပေါ်တုန့်ပြန်မှု အစီအစဉ်များကို ဤဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဆောင်ရွက်သွားပါမည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စနစ်ကို ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ပြီး လေထုတွင်း ထုတ်လွှတ်မှုများကို နောက်ဆုံးပေါ် နည်းပညာများဖြင့် ထိန်းချုပ်ဆောင်ရွက်သွားပါမည်။

1.4.5 စီမံကိန်းအချိန်ဇယား

အောင်သိခ် ဖွံ့ဖြိုးရေးစီမံကိန်းအချိန်ဇယားကို အောက်ပါ ပုံ ၁-၄ တွင် ဖော်ပြထားပါသည်။



ပုံ ၁-၄ အောင်သိခ်ဖွံ့ဖြိုးရေးစီမံကိန်းအချိန်ဇယား

1.4.6 စီမံကိန်း၏အခြားရွေးချယ်စရာနည်းလမ်းများ

အောင်သိခ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အခြားရွေးချယ်စရာနည်းလမ်းများကို အောက်ပါ အဆင့် ၃ ဆင့်ဖြင့် ထည့်သွင်းစဉ်းစားထားပါသည်။

1. ဆောက်လုပ်ရေးအဆင့်နှင့် တပ်ဆင်ခြင်းအဆင့်
    1.1 ကမ်းလွန်လုပ်ငန်းများ (Wellhead platform နှင့် ပိုက်လိုင်း)
    1.2 ကုန်းတွင်းလုပ်ငန်းများ (APF, ACP ပိုက်လိုင်း စသည်ဖြင့်)
2. ထုတ်လုပ်ရေးတွင်းတူးခြင်းအဆင့်
3. လုပ်ငန်းလည်ပတ်ခြင်းအဆင့်

1.4.6.1 စီမံကိန်းမဆောင်ရွက်ခြင်း

အဆိုပြုထားသော စီမံကိန်းကို အကောင်အထည်မဖော်ပါက စီမံကိန်းမှရရှိသော စီးပွားရေးအကျိုးအမြတ်များ ဖြစ်ပေါ်လာမည်မဟုတ်ပေ။ ဆုံးရှုံးသွားသော အကျိုးကျေးဇူးများမှာ အောက်ပါတို့ ပါဝင်သည်။

- ဆောက်လုပ်ရေးနှင့် လုပ်ငန်းလည်ပတ်စဉ်အတွင်း အလုပ်အကိုင်ဖန်တီးမှုနှင့် စီမံကိန်းအသုံးစရိတ်များ၊

- လုပ်ငန်းမှ ရေနံထုတ်လုပ်မှု အလားအလာ ဆုံးရှုံးမှု/နှောင့်နှေးခြင်း၊
- Production Sharing Contracts (PSC) မှတစ်ဆင့် မြန်မာနိုင်ငံနှင့် ဒေသဆိုင်ရာ အစိုးရများအတွက် ဝင်ငွေဆုံးရှုံးမှု၊
- ဤဧရိယာမှ ဟိုက်ဒရိုကာဗွန်များ၏ အနာဂတ်ပံ့ပိုးမှုအား ပြည်ပမှရရှိသည့် ညီမျှသောပမာဏဖြင့် အစားထိုးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ ပြင်ပမှ ဟိုက်ဒရိုကာဗွန် တင်သွင်းခြင်းသည် သယ်ယူပို့ဆောင်ရေး (ထုတ်လွှတ်မှု၊ ယိုဖိတ်မှု ဖြစ်နိုင်ခြေ) နှင့် ကုန်ကျစရိတ် သက်ရောက်မှုများ ဆက်စပ်မှု ရှိနေသည်။

1.5 ပတ်ဝန်းကျင်အခြေအနေဖော်ပြချက်

1.5.1 ပထဝီဝင်အနေအထားဖော်ပြချက်

စီမံကိန်းသည် လုပ်ကွက် M-3 အတွင်း ကမ်းလွန်ဧရိယာနှင့် ဒေါ်ညိမ်းကျေးရွာအနီး ကမ်းရိုးတန်းတစ်လျောက် ၈၀ ကီလိုမီတာခန့်တွင် ကုန်းတွင်းလုပ်ငန်းများဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

လုပ်ကွက် M-3 သည် ဒေါ်ညိမ်းကျေးရွာ တောင်ဘက် ကုန်းတွင်းပိုင်း ၈၀ ကီလိုမီတာခန့်၊ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဧရိယာ (ဧရာဝတီကမ်းရိုးတန်းဒေသ)၊ နှင့် ရန်ကုန်မြို့ အနောက်တောင်ဘက် ၂၀၀ ကီလိုမီတာခန့်အကွာတွင် တည်ရှိပါသည်။ လုပ်ကွက် M-3 နေရာရှိ ရေအနက်မှာ ၅၀-၇၀ မီတာခန့် ရှိပါသည်။

စီမံကိန်း၏ ကုန်းတွင်းနှင့် ကမ်းလွန်ဧရိယာကို ပုံ ၁-၄ တွင် ဖော်ပြထားပါသည်။

Bogale
Pyapon
Nay
Yaung Kar
Himau
Bhi Kyun
Tawgyaik
Gonmingyaung
Ket Pa Nann
Kyun Nyo
Gyi Kyun
Apaung
Akechaungwa
kyatphamwezaung
Awabye
Set San
Kyonkadun
4
ACP
3
Infra
2
APF
Daw Nyien
Seikma
Alandaing
1
WPA 1
WPA 2

ပုံ ၁-၅ စီမံကိန်းဧရိယာ

1.5.2 မြေမျက်နှာသွင်ပြင်

အောင်သိန် ဖွံ့ဖြိုးရေးစီမံကိန်း၏ အဓိကလုပ်ငန်းများမှာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်တွင် တည်ရှိပါသည်။

ဖျာပုံမြို့နယ်သည် ရန်ကုန်မြို့ အနောက်တောင်ဘက် ၇၅ မိုင် (၁၂၁ ကီလိုမီတာ)တွင် တည်ရှိပြီး ဧရာဝတီမြစ်လက်တက်ဖြစ်သော ဖျာပုံမြစ်တစ်လျောက်တွင် တည်ရှိပါသည်။ ဖျာပုံနှင့် ဘိုကလေးမြို့နယ်ရှိ မြစ်လက်တက်များသည် ပတ်ဝန်းကျင်ဧရိယာသို့ စီးဆင်းပြီး ဧရာဝတီမြစ်မြစ်ဝကျွန်းပေါ်အစိတ်အပိုင်းတခုဖြစ်ကာ ၎င်းသည် မုတ္တမပင်လယ်ပြင်ကို မျက်နှာမူထားပါသည်။ ဖျာပုံမြို့နယ်သည် မြောက်လတ္တီကျူ့ 15° 30’ and 16° 25’ နှင့် အရှေ့လောင်ဂျီကျူ့ 95° 30’ and 95° 45’ ကြားတွင် တည်ရှိပြီး အရှေ့မှအနောက်သို့ ၀.၉၄ မိုင်၊ တောင်မှမြောက်သို့ ၃.၃၂ မိုင်နှင့် ပင်လယ်ရေမျက်နှာပြင်အထက် ၁၄ ပေအထက်တွင် တည်ရှိပါသည်။

ဒေးဒရဲမြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ ဒေးဒရဲမြို့နယ်၏ အရှေ့ဘက်နှင့် တောင်ဘက်တွင် မုတ္တမပင်လယ်ဖြင့် ဝိုင်းရံထားပြီး မြောက်လတ္တီကျူ့ 16° 38’ and 16° 05’ နှင့် အရှေ့လောင်ဂျီကျူ့ 95° 40’ and 96° 05’ ကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ ၂၅ မိုင်ရှိပြီး တောင်မှမြောက်သို့ ၁၇ မိုင် ကျယ်ဝန်းပါသည်။ ဒေးဒရဲမြို့နယ်သည် ဖျာပုံခရိုင်အောက်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၈.၃ လက်မအထက်တွင် တည်ရှိပါသည်။

ပုံ ၁-၆ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံနှင့် ဒေးဒရဲမြို့နယ် အမြင့်ပေပြမြေပုံ

1.5.3 ဇီဝပတ်ဝန်းကျင်အခြေအနေ

အထွေထွေအုပ်ချုပ်ရေးရုံး၏ မြို့နယ်အချက်အလက်များအရ ဖျာပုံနှင့် ဒေးဒရဲမြို့နယ်များတွင် တောရိုင်း တိရစ္ဆာန်များ မရှိပါ။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ကြိုးဝိုင်းတော ၁၃ ခုရှိပြီး ၁၁ ခုမှာ ဒီရေတောများဖြစ်ပါသည်။ ကုန်းတွင်းစီမံကိန်းလုပ်ငန်းများသည် ပျဉ်ဒရယ်ကြိုးဝိုင်းတောအတွင်း တည်ရှိပါသည်။ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအတွင်း

မြေယာဖွံ့ဖြိုးတိုးတက်ရေးကို တားမြစ်ထားသော်လည်း တရားမဝင်ဆောင်ရွက်မှုများကြောင့် ကြိုးဝိုင်းတော အတွင်း အိမ်ယာမြေများ၊ လယ်မြေများ၊ ဥယျာဉ်ခြံမြေများ၊ စိုက်ခင်းနှင့် အခြားအသုံးချမြေများအဖြစ် အသုံးပြုလျက်ရှိပါသည်။ မိန်းမလှကျွန်း၊ ကြက်ကန်းကွင်းပျက်၊ ကတုံကနိ၊ ပျဉ်ဒရယ်နှင့် ပျဉ်အလံ ကြိုးဝိုင်းတောများအတွင်း စပါးခင်းဧရိယာသည် ၉၇,၀၀၀ ဟက်တာခန့်ရှိပြီး ကြိုးဝိုင်းတော ၅ ခု၏ ၄၇% ရှိကာ ၎င်းစပါးခင်းဧရိယာသည် ဒီရေတောဧရိယာ (၉၀,၃၈၆ ဟက်တာ) ထက်ပိုများပါသည်။ (JICA, 2005)

ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သော The Forest Resource and Environment Development and Conservation Association (FREDA) သည် ၁၉၉၉ ခုနှစ်တွင် ပျဉ်ဒရယ်ကြိုးဝိုင်းတော အတွင်း ဒီရေတော ပြန်လည်စိုက်ပျိုးခြင်း ၅ နှစ်စီမံကိန်းတစ်ခုကို စတင်ဆောင်ရွက်ခဲ့ပါသည်။

1.5.4 ကာကွယ်ထားသောဧရိယာများ

မြန်မာ့ကမ်းရိုးတန်းတလျောက် ကာကွယ်ထားသော ဧရိယာများစွာရှိပြီး ကမ်းလွန်ကာကွယ်ထားသော ဧရိယာများကို ပုံ ၁-၆ တွင် ဖော်ပြထားပါသည်။ လုပ်ကွက် M-3 အနီးရှိ ကာကွယ်ထားသော ဧရိယာများမှာ သမီးလှကျွန်း (သားရဲတိရစာ္ဆန်ဘေးမဲ့တော)၊ မိန်းမလှကျွန်း နှင့် ကတုံးလေးကျွန်း သားရဲတိရစ္ဆာန်ဘေးမဲ့တောတို့ဖြစ်ပြီး စီမံကိန်းဧရိယာမှ ၁၁၆ ကီလိုမီတာ၊ ၄၅ ကီလိုမီတာနှင့် ၃၀ ကီလိုမီတာ အသီးသီးတွင် တည်ရှိပါသည်။ အခြား အဏ္ဏဝါဆိုင်ရာကာကွယ်ထားသော ဧရိယာ (MPA) များမှာ မော့စကော့ သားရဲတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအမျိုးသားဥယျာဉ်၊ ပတ်ချန် သဘာဝတောတို့သည် လုပ်ကွက် M-3 မှ ကီလိုမီတာ ၃၀၀ အပြင်ဘက်တွင် တည်ရှိပါသည်။

ကပ္ပလီပင်လယ်အတွင်းရှိ အခြားကာကွယ်ထားသော ဧရိယာများမှာ Preparis ကျွန်း (M-3 မှ ၁၇၆ ကီလိုမီတာ)၊ ကိုကိုးကျွန်း (M-3 မှ ၂၃၉ ကီလိုမီတာ)နှင့် Narcondam ကျွန်း (M-3 မှ ၂၄၅ ကီလိုမီတာ) တို့ ဖြစ်ပါသည်။



ပုံ ၁-၇ လုပ်ကွက် M3 အနီးအဏ္ဏာဝါထိန်းသိမ်းရေးနယ်မြေများ

Source: Birch, F. C. H., et al (2016) Myanmar Marine Biodiversity Atlas. University of Exeter, UK. 79p.

1.ဝမ်ဖိုက်ဒီရေတောကြိုးဝိုင်း၊ 2. သမီးလှတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ 3.ကတုံးလေးကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ 4.မော့စကိုကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ 5.လန်ပိ အဏ္ဏာဝါအမျိုးသားဥယျာဉ်၊ 6.ပတ်ချန် သဘာဝဘေးမဲ့တော (EEZ စီးပွားရေးဇုန်)



ပုံ ၁-၈ လုပ်ကွက် M-3 အနီးရှိ ကာကွယ်ထားသောဇရိယာများ

1.5.5 လူမှုစီးပွားရေးအခြေအနေ

စီမံကိန်းဧရိယာသည် မြန်မာနိုင်ငံ မြောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ကမ်းလွန်ပင်လယ်ပြင်တွင် တည်ရှိပြီး တောင်ဘက်တွင် ကပွလီပင်လယ်နှင့် အရှေ့ဘက်တွင် ရန်ကုန်တိုင်းဒေသကြီးဖြင့် ဝန်းရံထားပါသည် (ပုံ ၁-၉)။



ပုံ ၁-၉ လုပ်ကွက် **M-3** အနီးရှိ အုပ်ချုပ်ရေးနယ်မြေများ

1.5.6 လူဦးရေ

၂၀၁၄ ခုနှစ် မြန်မာ့လူဦးရေနှင့် သန်းခေါင်စာရင်း (2014 MPHC) ကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်မှ ဧပရယ်လ ၁၀ ရက်နေ့အထိကောက်ယူခဲ့ပါသည်။ ၎င်းသန်းခေါင်စာရင်းအရ ၂၀၁၄ ခုနှစ် မတ်လ ၂၉ တွင် မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ ၅၁,၄၈၆,၂၅၃ ဦး ရှိပါသည်။ ကျား ၂၄,၈၂၄,၅၈၆ ဦးနှင့် မ၂၆,၆၆၁,၆၆၇ ဦး ရှိပါသည်။ ၎င်းစုစုပေါင်းဦးရေတွင် စာရင်းမဝင်ခဲ့သော လူဦးေရ ၁,၂၀၆,၃၅၃ ဦး ရှိမည်ဟု ခန့်မှန်းထားသောကြောင့် သန်းခေါင်စာရင်းအရ စုစုပေါင်း ၅၀,၂၇၉,၉၀၀ ဦးရှိပါသည်။

၂၀၁၄ သန်းခေါင်စာရင်းအရ ဧရာဝတီတိုင်းဒေသကြီးတွင် ကျား ၃,၀၀၉,၈၀၈ နှင့် မ ၃,၁၇၅,၀၂၁ ဦး၊ စုစုပေါင်း ၆,၁၈၄,၈၂၉ ဦး ရှိပါသည်။ ကျား/မ အချိုးမှာ ၁:၁၀၀ ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၏ လူဦးရေမှာ မြန်မာနိုင်ငံလူဦးေရ စုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီး၏ လူဦးရေမှာ ၁၉၈၃ ခုနှစ်တွင် ၄,၁၅၆,၆၇၃ မှ ၄,၉၉၄,၀၆၁ ဦးအတွင်းရှိပြီး ၂၀၁၄ ခုနှစ်တွင် ၆,၁၈၄,၈၂၉ အထိ လူဦးရေ တိုးတက်လာပါသည်။ ထို့ကြောင့် အနှစ်သုံးဆယ်အတွင်း ဧရာဝတီတိုင်းလူဦးရေမှာ ၂၄% အထိ တိုးမြင့်လာပါသသည်။

၂၀၁၄ မတ်လတွင် လူဦးရေသိပ်သည်းမှုမှာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ သိပ်သည်းဆမှာ ၁ စတုရန်းကီလိုမီတာတွင် ၇၆ ဦးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ၁ စတုရန်းကီလိုမီတာတွင် ၁၇၆.၅ ဦး ရှိသောကြောင့် နှစ်ဆကျော် ပိုများကြောင်းတွေ့ရှိရပါသည်။ လူဦးရေ အသိပ်သည်းဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေကြီးအပြင် ဧရာဝတီတိုင်းဒေသကြီးသည် တတိယ လူဦးရေ အသိပ်သည်းဆုံးဖြစ်လာပါသည်။ သန်းခေါင်စာရင်းအရ တိုင်းအတွင်း လူဦးရေနေထိုင်မှုမှာ လူဦးရေ ၁၀၀ တွင် ၈၆ ဦးသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်ဟု ဖော်ပြထားသော်လည်း ထွေအုပ်ရုံးအချက်အလက်များအရ ၁၀၀ တွင် ၁၄ ဦးနေထိုင်သည်ဟု ဖော်ပြထားပါသည်။

ဧရာဝတီတိုင်း လူဦးရေပြိပရမစ်ပုံအရ (ပုံ ၁-၁၀) အသက် ၅နှစ်နှင့် ၁၄ နှစ်တွင် မွေးဖွားနှုန်းများကျဆင်းလာပါသည်။ ထို့ပြင် အသက် ၁၅ မှ ၆၄ အတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ကြပြီး အနာဂတ်တွင် သက်ကြီးရွယ်အိုများပြားလာနိုင်ဖွယ် ရှိပါသည်။ သို့သော်လည်း လူဦးရေပြ ပိရမစ်ပုံအရ ၁၅ နှင့် ၂၄ နှစ်အတွင်း ကျား/မ နှစ်မျိုးလုံးတွင် လူဦးရေသိသာသာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ၎င်းသည် နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့အခြေချခြင်း သို့မဟုတ် လူဦးရေစာရင်းမဝင်သေးခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။



ပုံ ၁-၁၀ ဧရာဝတီတိုင်းဒေသကြီး၏ လူဦးရေပြမြေပုံ (၂၀၁၄ သန်းခေါင်စာရင်းကောက်ယူခြင်း)

1.5.7 စိုက်ပျိုးရေး

စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေးအတွက် အဓိက အရေးပါသော သော့ချက်တစ်ခု ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံမြေနေရာ၏ ၅% ခန့်သာ ပိုင်ဆိုင်ထားသော်လည်း နိုင်ငံအတွက် လိုအပ်သော ဆန်စပါးကို အများဆုံး ထုတ်လုပ်နိုင်သော ကြောင့် နိုင်ငံ၏ ထမင်းအိုးကြီးအဖြစ် လူသိများပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ၂၀၂၀ ခုနှစ် နှစ်ချုပ် မြန်မာ့စာရင်းအင်းအချက်အလက်များအရ ဧရာဝတီတိုင်းဒေသကြီး၏ နှစ်စဉ်ဆန်ထွက်နှုန်းမှာ တန် ၈ သန်းခန့် ရှိပါသည် (ဇယား ၁-၁)။

စပါးစိုက်ခြင်းအပြင် ငါးမွေးမြူရေး၊ ကြက်နှင့် ဝက်မွေးမြူရေးတို့ကိုလည်း လုပ်ကိုင်ပါသည်။ လပွတ္တာကဲ့သို့သော အချို့ဧရိယာများသည် ဆားချက်လုပ်ငန်း လုပ်ကိုင်ကြပါသည်။ အချို့ ဟင်းသီးဟင်းရွက်များကို အိမ်စားသုံးရန်အတွက်သာ စိုက်ပျိုးကြပြီး ပိုလျံပါက ဝင်ငွေရရန်အတွက် ရောင်းချကြပါသည်။

ဇယား ၁-၁ ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးထုတ်လုပ်မှု (၂၀၁၈-၂၀၁၉)

အမျိုးအစား	စိုက် (ဧက)	ရိတ် (ဧက)	ထွက်နှုန်း (တန်)
ကောက်ပဲသီးနှံ			
စပါး	၅၁၈၆၂၃၄	၅၁၇၄၀၀၄	၈၂၂၄၅၅၉
ဂျုံ	-	-	-
ပြောင်း	၅၆၄၅၉	၅၆၄၅၉	၁၁၄၇၄၆
ဆီထွက်သီးနှံများ			
မြေပဲ (မိုး)	၁၈၀၉၃	၁၈၀၃၀	၁၁၁၈၈
မြေပဲ (ဆောင်း)	၈၄၇၉၄	၈၄၇၉၄	၅၈၀၅၅
နှမ်း (အစောပိုင်း)	၅၄၉၆	၅၂၃၄	၁၅၈၀
နှမ်း (နှောင်း)	၁၉၁၂၈	၁၉၁၂၈	၅၇၇၄
ပဲမျိုးစုံ			
မတ်ပဲ	၁၀၂၉၁၉၄	၁၀၂၉၁၉၄	၃၆၀၈၈၅
ပဲတီစမ်း	၂၃၈၄၆၉	၂၃၈၄၆၄	၈၉၅၀၂
ပဲလွမ်း	၁၈၅၉၆၈	၁၈၅၉၆၈	၆၄၀၉၆
စွံတာနီ	၄၅၃၅	၄၅၃၅	၂၄၃၄
စွံတာပြာ	-	-	-
ပဲရင်	၂၀၆၂	၂၀၆၂	၆၉၉
ပဲဖြူကလေး	-	-	-
ပဲကြီး	၁၀၀၁၄	၁၀၀၁၄	၄၆၆၂
အချိုယမကာ			
ကြံ	၁၉၉	၁၉၉	၄၆၁၀
ကြံသကာ	၁၉၆၀	၁၀၅၅	၄၇၉၃
နှစ်ရှည်ပင်များ			
ရာဘာ	၃၆၇၅၄	၃၃၈၃	၁၁၃၆
အုန်း	၆၁၈၆၂	၅၀၇၃၆	၂၀၄၄၆၆
ကွမ်း	၂၁၈၆၂	၁၇၁၀၁	၂၀၀၀၂
ကွမ်းရွက်	၁၀၄၀၆	၉၉၀၄	၁၁၆၃၈၁

(Source: Myanmar Statistical Yearbook, 2020)

ဟင်းသီးဟင်းရွက်ကဲ့သို့ သီးနှံစိုက်ပျိုးမှုသည် လယ်ယာမြေမပိုင်သော လယ်သမားများအတွက် အဓိဝင်ငွေတစ်ခု ဖြစ်ပါသည်။ ဥပမာ လပွတ္တာရှိ လယ်သမားအချို့သည် ပန်းဂေါ်ဖီ၊ သခွားသီး၊ ဖရဲသီး၊ ဖရုံသီး တို့ကို တပိုင်တနိုင် စိုက်ပျိုးကြပါသည်။ လယ်သမားများအား မေးမြန်းချက်အရ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းမှ အြမတ်ဝင်ငွေသည် စပါးစိုက်ပျိုးခြင်းထက် ပိုဝင်ကြောင်း သိရှိရပါသည်။

မွေးမြူရေးသည်လည်း တောင်သူလယ်သမားများအတွက် အရေးပါသော အသက်မွေးဝမ်းကျောင်းတစ်ခု ဖြစ်ပါသည်။ တောင်သူလယ်သမား အများစုသည် ကျွဲ၊ ဝက်နှင့် ကြက်များ ပိုင်ဆိုင်ကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ရွာအများစုသည် နာဂစ်မုန်တိုင်းကြောင့် ကွဲအများအပြား ဆုံးရှုံးခဲ့ရသောကြောင့် အလုပ်အင်အား မလုံလောက်ခြင်းများရှိကြောင်း သိရှိရပါသည်။ (Delta Alliance, 2017)

ဖျာပုံမြို့နယ်တွင် အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး နွေစပါးနှင့် မိုးစပါး စိုက်ပျိုးပါသည်။ ၂၀၁၈-၂၀၁၉ တွင် ခန့်မှန်း စပါးစိုက်ဧကမှာ နွေစပါး ၂၁၀,၆၁၂ ဧကဖြစ်ပြီး မိုးစပါး ၈၁,၇၃၆ ဖြစ်ပါသည်။ မြေပဲ၊ နှမ်းနှင့် မတ်ပဲကဲ့သို့သော အခြား စိုက်ပျိုးသီးနှံများကို ဆောင်းရာသီတွင် စိုက်ပျိုးပါသည်။ ဖျာပုံမြို့အတွင်း စိုက်ပျိုးသော အခြား နှစ်ရှည်သီးနှံများမှာ သစ်စိမ့်၊ ငှက်ပျော၊ ဓနိ၊ ကွမ်း၊ ကွမ်းရွက်နှင့် အုန်း တို့ ဖြစ်ပါသည်။ ဓနိစိုက်ပျိုးသော ဧက ၈၈၁၉ ဧကရှိပြီး အုန်း ၇၁၈၄ ဧကရှိကာ ၎င်းတို့သည် ဖျာပုံမြို့၏ အဓိက နှစ်ရှည်သီးနှံပင်များ ဖြစ်ကြပါသည်။ အခြား စီးပွားဖြစ်စိုက်ပျိုးသော သီးနှံများမှာ ပြောင်း၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်တို့ ဖြစ်ပါသည်။

ဒေးဒရဲမြို့နယ် နွေရာသီနှင့် မိုးရာသီအတွက် အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ နှစ်ရှည်သီးနှံနှင့် အခြား စီးပွားဖြစ်စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ မရှိပါ။

1.5.8 စက်မှုလက်မှုလုပ်ငန်း

ဖျာပုံမြို့နယ်တွင် စက်မှုဇုန်များ မရှိပါ။ အသေးစားလည်ပတ်သော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအချို့ရှိပါသည်။ (ဇယား ၁-၂)

ဇယား ၁-၂ ဖျာပုံမြို့နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

စဉ်	စက်ရုံ/ လက်ရုံ အမျိုးအစား	အရေအတွက်	လုပ်သားအင်အား
၁	ဆန်စက်	၃၂	၃၈၄
၂	ဟာလာဆန်	၁၂၆	၇၅၆
၃	ရေခဲစက်	၉	၄၅
၄	ဝပ်ရှော့	၃၉	၁၅၆
၅	သစ်ခွဲစက်	၇	၅၅
၆	မုန့်မျိုးစုံ	၁၅၂	၄၅၆
၇	ပန်းပဲ	၃	၁၀
၈	ပန်းတိမ်	၁၅	၄၅

စဉ်	စက်ရုံ/ လက်ရုံ အမျိုးအစား	အရေအတွက်	လုပ်သားအင်အား
၉	စက်ချုပ်	၂၅၀	၃၀၀
၁၀	ဖယောင်းတိုင်	၃	၁၅
၁၁	ဆပ်ပြာဆီ	၄	၁၂
၁၂	ငါးခြောက်ဖုတ်	၇	၁၁၀

ဒေးဒရဲမြို့နယ်တွင် ပုဂ္ဂလိကပိုင်စက်ရုံ ၂၀၂ ရုံရှိပါသည်။ အများစုမှာ ဟာလာစက်များ ဖြစ်ကြပါသည်။ (ဇယား ၁-၃)

ဇယား ၁-၃ ဒေးဒရဲမြို့နယ်ရှိစက်ရုံများ

စဉ်	စက်ရုံ/ လက်ရုံအမျိုးအစား	အရေအတွက်	ပိုင်ဆိုင်မှု	လုပ်သားအင်အား
၁	အထည်ချုပ်	၁	ပုဂ္ဂလိက	၅၅
၂	ဟာလာစက်	၁၄၅	ပုဂ္ဂလိက	၇၂၅
၃	ဆန်စက်	၃၈	ပုဂ္ဂလိက	၁၁၄၀
၄	သစ်ခွဲစက်	၁၁	ပုဂ္ဂလိက	၅၅
၅	ဆားစက်	၁	ပုဂ္ဂလိက	၂၀
၆	အမှုန့်ကြိတ်စက်	၅	ပုဂ္ဂလိက	၅
၇	ရေခဲစက်	၁	ပုဂ္ဂလိက	၇
	စုစုပေါင်း	၂၀၂		၂၀၀၇

ဒေးဒရဲမြို့နယ်တွင် စက်ချုပ်၊ ပန်းတိမ်၊ ပန်းပဲ၊ မုန့်မျိုးစုံလုပ်ငန်းနှင့် အမှုန့်ကြိတ်လုပ်ငန်းကဲ့သို့သော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအချို့ရှိပါသည်။

1.6 ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံနမူနာကောက်ယူခြင်း အစီအစဉ်

ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံဖော်ပြချက်များတွင် လူမှု-စီးပွား နှင့် ရှေးဟောင်းသုတေသနဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။

- အခြေခံ နမူနာများကို အဆိုပြုစီမံကိန်းဧရိယာအနီးတွင် ကောက်ယူပါမည်။
- အဏ္ဏဝါအခြေခံ နမူနာကောက်ယူခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဆောင်ရွက်ခဲ့ပါသည်။
- ကုန်းတွင်းအခြေခံနမူနာကောက်ယူခြင်းကို ၂၀၂၂ ခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လတို့တွင် ဆောင်ရွက်ခဲ့ပါသည်။
- အခြေခံနမူနာကောက်ယူမည့် parameter များမှာ-
    - လေ၊ ဆူညံသံနှင့် တုန်ခါမှု
    - မြေဆီလွှာ

- အပေါ်ယံရေနှင့် မြေအောက်ရေ
- ပင်လယ်ရေ၊ အနည်၊ plankton၊ Benthic community နှင့် ပင်လယ်နေရိုးတိုက်သတ္တဝါများ လေ့လာမှု

IEM/EQM သည် အောက်ပါတို့ကို ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။

1. အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် စည်ပင်ဌာနများကို ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးနှင့် သမိုင်းဝင်နှင့် ရှေးဟောင်းသုတေသနဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ တွေ့ဆုံ မေးမြန်းခြင်း
2. အနီးအနား မြို့/ ရွာများရှိ လူ ၄၀၀ မှ စီမံကိန်းအပေါ် အြမင်နှင့် သဘောထား စစ်တမ်း ကောက်ယူခြင်း
3. လုပ်ကွက်အတွင်း အပေါ်ယံရေနမူနာ ၁၁ ခုကောက်ယူခြင်း
4. လုပ်ကွက်အတွင်း မြေအောက်ရေနမူနာ ၁၁ ခုကောက်ယူခြင်း
5. လုပ်ကွက်အတွင်း မြေဆီလွှာနမူနာ ၁၂ ခု ကောက်ယူခြင်း
6. လုပ်ကွက်အတွင်း လေနှင့် ဆူညံသံကို ၄ နေရာတွင် တိုင်းတာခြင်း
7. ရှေးဟောင်းသုတေသနစစ်တမ်းကောက်ယူခြင်း
8. မြေအသုံးချမှု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် စစ်တမ်းကောက်ယူခြင်း
9. ဂေဟစနစ်ဆိုင်ရာ အသိပညာစစ်တမ်းကောက်ယူခြင်း

နမူနာကောက်ယူသည့် တည်နေရာများကို ဖြစ်နိုင်ခြေအရှိဆုံး အလားအလာများနှင့် “Control” အခြေခံအချက်အလက်များ၏ ပံ့ပိုးမှုပေါ် အခြေခံပြီး PTTEPI နှင့် ဆွေးနွေးသဘောတူ ဆုံးဖြတ်ချက်အရ ဆောင်ရွက်ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီစစ်ခြင်းလုပ်ငန်းစဉ် (Environmental Screening Process) ဆောင်ရွက်ပြီး အဓိကပြဿနာများကို ဖော်ထုတ်ပြီးနောက် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံနမူနာ ကောက်ယူခြင်းကို ဒီဇိုင်းရေးဆွဲခဲ့ပါသည်။

ကမ်းလွန် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်ကောက်ယူခြင်းကို United Analyst and Engineering Consultant Co., Ltd. မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဆောင်ရွက်ခဲ့ပါသည်။

ကမ်းလွန်ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်ကောက်ယူခြင်းကို ဇယား (၁-၄) တွင် အသေးစိတ် ဖော်ပြထားပါသည်။

ဇယား ၁-၄ မြန်မာ့ကမ်းလွန်လုပ်ကွက် M-3 ရှိ အောင်သိခ် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် အဏ္ဏဝါအခြေခံအချက်အလက်များကောက်ယူခြင်း

ဇရိယာ	တိုင်းတာသည့်နေရာ	Parameter	နေ့ရက်	ဇရိယာ
ပင်လယ်ရေ	Offshore	1. WP 1 2. WP 2 3. Reference	1. Seawater quality (surface) 2. Seawater quality (mid depth) 3. Seawater quality (bottom)	February 23 - 24, 2022
	Shoreline	4. Point-1 5. Point-2 6. Point-3		February 6, 2022
	Offshore	1. WP 1 2. WP 2 3. Reference	1. Phytoplankton 2. Zooplankton 3. Meroplankton	February 23 - 24, 2022

ဧရိယာ	တိုင်းတာသည့်နေရာ	Parameter	နေ့ရက်	ဧရိယာ
	Shoreline	4. Point-1 5. Point-2 6. Point-3	4. Benthos	February 6. 2022
အနည်အနှစ်	Offshore	1. WP 1 2. WP 2 3. Reference	1. Colour 2. Total Organic Carbon 3. Fat Oil and Grease 4. TPH 5. Metal 6. Particle Size (SC) 7. Polycyclic Aromatic Hydrocarbons (PAHs)	February 23 - 24, 2022
	Shoreline	7. Point-1 8. Point-2 9. Point-3		February 6, 2022
အဏ္ဏဝါ နို့တိုက်သတ္တဝါများ လေ့လာမှု	Offshore	1. WP 1 2. WP 2 3. Reference	1. Marine mammals observed	February 23 - 24, 2022

1.7 အဓိကပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများနှင့် လျော့ချရေးနည်းလမ်းများ

1.7.1 ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှု

အောက်ပါ အဓိကလုပ်ငန်းများပါဝင်သော အောင်သိန်ံ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဆက်စပ်နေသော ဖြစ်နိုင်ခြေရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာ လူမှုရေးဆိုင်ရာ သက်ရောက်မှုများ၏ ကနဦး စစ်ဆေးခြင်းကို PTTEPI မှ ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။

- ကုန်းတွင်းထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (APF)
- Wellhead Platform (WP) နှင့် ချိတ်ဆက်ပိုက်လိုင်းများ
- WP မှ APF သို့ ပိုက်လိုင်းသွယ်တန်းခြင်း
- APF မှ GRS#2 ရှိ ချိတ်ဆက်နေရာ (tie-in point) သို့ ဓါတ်ငွေ့ပိုက်လိုင်း သွယ်တန်းခြင်း
- လေဆီသိုလှောင်မှုနှင့် offloading
- ဆက်စပ်အထောက်အကူပြုဆောင်ရွက်မှုများနှင့် အခြေခံအဆောက်အဦးများ တည်ဆောက်ခြင်း

စစ်ဆေးမှုကို လုပ်ရိုးလုပ်စဉ်နှင့် ပုံမှန်မဟုတ်သည့် လုပ်ဆောင်ချက်နှစ်ခုလုံးအတွက် ထည့်သွင်း စဉ်းစားထား ပါသည်။ ဤစစ်ဆေးမှုတွင် သက်ဆိုင်ရာ ပတ်ဝန်ကျင်ဆိုင်ရာ ထိခိုက်မှုများနှင့် လျော့ချရေးနည်းလမ်းများကို ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ (EIA) နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) တွင် ဖော်ပြမည်ဖြစ်ပြီး ၎င်းအစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုချက်များကို MONREC နှင့် MOGE မှ ရယူသွားပါမည်။ ဤကနဦးအကဲဖြတ်ခြင်းကို အန္တရာယ်လေ့လာသုံးသပ်မှုဖြင့် ဆောင်ရွက်ပြီး စီမံခန့်ခွဲမှုနှင့် ဖြစ်နိုင်ခြေရှိသော ထိခိုက်မှုများကို သတ်မှတ်ရန်နှင့်အကဲဖြတ်ရန် PTTEPI လုပ်ငန်းစဉ်များနှင့် ချိန်ညှိကာ ဆောင်ရွက်ပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ အချက်များသတ်မှတ်ခြင်းနှင့် ဆက်စပ်နေသော ကဏ္ဍများမှာ-

- စီမံကိန်းဖော်ပြချက်လေ့လာသုံးသပ်မှုနှင့် စီစဉ်ထားသော/ မစီစဉ်ထားသော ဆောင်ရွက်မှုများ
- ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများတွင်အတွေ့အကြုံအပြည့်အဝရှိသော IEM ၏ ဗဟုသုတများ

- လေ့လာမှုနှင့် စစ်တမ်းကောက်ယူခြင်းများ

ကမ်းလွန်ရေနံရှာဖွေခြင်း၊ အစမ်းတွင်းတူးဖော်ခြင်း အဆင့်အားလုံး၏ လုပ်ငန်းများမှ ဖြစ်နိုင်ခြေရှိသော ထိခိုက်မှုများကို ထည့်သွင်းစဉ်းစားပြီး ဖွံ့ဖြိုးရေးအဆင့်တစ်ခုစီမှ သက်ဆိုင်ရာ ကဏ္ဍများကို အကျဉ်းချုပ် ဖော်ပြထားပါသည်။

1.7.2 စီမံကိန်းဆောင်ရွက်မှုများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရန့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍများ

ကနဦးအဆင့်ရှိ ဆောင်ရွက်မည့် ကဏ္ဍများကို ဇယား ၁-၅၊ ဇယား ၁-၆၊ ဇယား ၁-၇ နှင့် ဇယား ၁-၈ တို့တွင် ဖော်ပြထားပါသည်။

ဇယား ၁-၅ ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများ

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
လေအရည်အသွေးနှင့် ရာသီဥတု	အင်ဂျင်စက်မောင်းခြင်း	လောင်စာဆီလောင်ကျွမ်းခြင်းနှင့် flaring ကြောင့် လေအရည်အသွေး ကျဆင်းခြင်း
	သယ်ယူပို့ဆောင်ခြင်း (တပ်ဆင်ခြင်း၊ လည်ပတ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	လှေမောင်းနှင်ခြင်းမှ ဓါတ်ငွေ့ထွက်ခြင်းကြောင့် လေအရည်အသွေးကျဆင်းခြင်း
	APFI ACP ဆောက်လုပ်ခြင်းနှင့် လည်ပတ်ခြင်း	ဖုန်များကြောင့် လေအရည်အသွေးလေျာ့ကျခြင်း
ပင်လယ်ရေအရည်အသွေး	ရေဆိုး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ပင်လယ်ထဲသို့ရေဆိုးစွန့်ပစ်မှုကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု
	စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	စွန့်ပစ်ပစ္စည်းများ ယိုစိမ့်ခြင်းကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု
	လောင်စာဆီသိုလှောင်ခြင်းနှင့် ကိုင်တွယ်အသုံးချခြင်း (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ယိုစိမ့်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု
	ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ယိုစိမ့်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု
	ရွံ့နှင့် ဖြတ်စများ စွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း)	ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု (အစိုင်အခဲများ၊ သတ္ထုများ၊ အဆိပ်အတောက်များ တိုးလာခြင်း) နှင့် အောက်ဆီဂျင် လျော့နည်းခြင်း (အော်ဂဲနစ်ပစ္စည်း)
အနည်အနှစ်များ	လောင်စာဆီသိုလှောင်ခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်း (တပ်ဆင်ခြင်း၊	ယိုစိမ့်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
	တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	
	ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ယိုစိမ့်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု
	ရွံ့နှင့်ဖြတ်စများ စွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း)	ရွံ့နှင့် ဖြတ်စများ အနည်ထိုင်ခြင်းကြောင့် အမှုန်အမွှားများ၏ အရွယ်အစားနှင့် ဓါတ်သဘော ပြောင်းလဲခြင်း
အနည်အနှစ် အရည်အသွေး	ရေဆိုး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	သမုဒ္ဒရာအတွင်း ရေဆိုးစွန့်ပစ်မှုကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု
	လောင်စာဆီသိုလှောင်ခြင်းနှင့် အသုံးပြုခြင်း (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ယိုစိမ့်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု
	ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ယိုစိမ့်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု
	စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	စွန့်ပစ်ပစ္စည်းများ ယိုစိမ့်မှုကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု
	ရွံ့နှင့်ဖြတ်စများ စွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း)	ရွံ့နှင့်ဖြတ်စများ အနည်ထိုင်ခြင်းကြောင့် အနည်အနှစ်ဓါတ် သေဘော ပြောင်းလဲလာမှု (အောက်ဂဲနစ်ပါဝင်မှု တိုးမြင့်လာခြင်း၊ အောက်ဆီဂျင်ပါဝင်မှု လျော့သွားခြင်း၊ ဓါတ်သတ္ထုနှင့် အဆိပ်အတောက်ပါဝင်မှု တိုးမြင့်လာခြင်း)
မြေဆီလွှာ အရည်အသွေး	APF၊ ACPဆောက်လုပ်ခြင်းနှင့် လည်ပတ်ခြင်း	မြေဆီလွှာအရည်အသွေးကျဆင်းခြင်းကြောင့် တိုက်စားခံရနိုင်ေြခရှိခြင်း
မြေပေါ်ရေ အရည်အသွေး	APF၊ ACPဆောက်လုပ်ခြင်းနှင့် လည်ပတ်ခြင်း	သောင်ထွန်းရန် အလားအလာရှိပြီး ရေညစ်ညမ်းမှု
မြေအောက်ရေ အရည်အသွေး	APF၊ ACPဆောက်လုပ်ခြင်းနှင့် လည်ပတ်ခြင်း	ရေညစ်ညမ်းမှု
ဆူညံသံ	အင်ဂျင်စက်လည်ပတ်ခြင်း (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	စက်ပစ္စည်းများ၊ ယန္တရားများကြောင့် ဆူညံသံ တိုးလာမှု
	တွင်းတူးစက်တပ်ဆင်ခြင်း (တပ်ဆင်ခြင်း)	

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
	တွင်းတူးစက် သယ်ယူပို့ဆောင်ခြင်း (တပ်ဆင်ခြင်း၊ တွင်းပိတ်သိမ်းခြင်း)	
	APFI ACPဆောက်လုပ်ခြင်းနှင့် လည်ပတ်ခြင်း	
ဧရိယာ အရင်းအမြစ်များ	ရေဆိုး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ရေဆိုးစွန့်ပစ်ခြင်းကြောင့် ပင်လယ်ရေ အရည်အသွေး ကျဆင်းခြင်းသည် အဏ္ဏဝါဂေဟဗေဒအပေါ် သက်ရောက်နိုင်ပါသည်။
	စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ရေဆိုးစွန့်ပစ်ခြင်းကြောင့် ပင်လယ်ရေ အရည်အသွေး ကျဆင်းခြင်းသည် အဏ္ဏဝါဂေဟဗေဒအပေါ် သက်ရောက်နိုင်ပါသည်။
	Wellhead platform နှင့် တွင်းတူးစက် တပ်ဆင်ခြင်း (တပ်ဆင်ခြင်း)	ဆူညံသံများကြောင့် အဏ္ဏဝါသတ္တဝါများကို အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။
	ရွံ့နှင့်ဖြတ်စများ စွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း)	ရွံ့နှင့်ဖြတ်စများ စွန့်ပစ်ခြင်းသည် နှုံးအနည်အနှစ်ကို တိုးပွားစေပြီး အဏ္ဏဝါသတ္တဝါများကို အဆိပ်အတောက် ဖြစ်စေပါသည်။ ရွံ့နှင့်ဖြတ်စများ စုပုံခြင်းသည် နှုံးအနည်အနှစ်ကို ဖြစ်စေပြီး benthos များအပေါ် သက်ရောက်စေနိုင်ပါသည်။
	တွင်းတူးစက်ကို ပြန်လည်သယ်ယူ ပို့ဆောင်ခြင်း (တွင်းပိတ်သိမ်းခြင်း)	ရေကြောင်းသယ်ယူပို့ဆောင်ခြင်းများသည် အဏ္ဏဝါ နို့တိုက်သတ္တဝါများနှင့် တိုက်မိခြင်း ဖြစ်စေနိုင်ပါသည်။
	APFI ACPဆောက်လုပ်ခြင်းနှင့် လည်ပတ်ခြင်း	လုပ်ငန်းဆောင်ရွက်မှုများကြောင့် အနှောင့်အယှက်ဖြစ်ခြင်းနှင့် အပင်နှင့် တိရစ္ဆာန်များ ရွှေ့ပြောင်းကြခြင်း။

ဇယား ၁-၆ လူမှုရေးဆိုင်ရာကဏ္ဍ

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
ငါးဖမ်းလုပ်ငန်း	တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း	တွင်းတူးနေရာမှ ငါးဖမ်းကိရိယာများနှင့် တခြားအတားအဆီးများကို ဖယ်ရှားခြင်းသည် ငါးဖမ်းကိရိယာများကို ပျက်ဆီးနိုင်ပါသည်။
	ရေဆိုး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
	စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ငါးဖမ်းလုပ်ကွက် ဆုံးရှုံးခြင်းသည် ငါးဖမ်းသမားများ၏ ဝင်ငွေကို တိုက်ရိုက်နည်းအားဖြင့် ထိခိုက်နိုင်ပါသည်။
	Wellhead platform နှင့် တွင်းတူးစက် တပ်ဆင်ခြင်း (တပ်ဆင်ခြင်း)	စီမံကိန်းလုပ်ငန်းများလည်ပတ်နေစဉ်အတွင်း မတော်တဆ တိုက်မိခြင်းတို့သည် ငါးဖမ်းသမားများနှင့် စီမံကိန်း ကိရိယာများအပေါ် သက်ရောက်နိုင်ပါလိမ့်မည်။
	ရွှံ့နှင့်ဖြတ်စများ စွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း)	စီမံကိန်းလုပ်ငန်းများကြောင့် ရောင်းချရန်/စားသုံးရန်အတွက် ငါးရရှိမှု ပမာဏ လျော့နည်းလာခြင်းနှင့်အတူ သက်ရှိသတ္တဝါပမာဏနှင့် အရည်အသွေးကိုလည်း ကျဆင်းစေနိုင်ပါသည်။
	လောင်စာဆီသိုလှောင်ခြင်းနှင့် အသုံးပြုခြင်း (တွင်းတူးဖော်ခြင်း)	
	ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း (တွင်းတူးဖော်ခြင်း)	တွင်းတူးစက်ကို ပြန်လည် သယ်ယူပို့ဆောင်ပြီးနောက် ကန့်သတ်နယ်မြေတွင် ငါးဖမ်းသမားများ ပြန်လည်ငါးဖမ်းနိုင်ပါသည်။ (ကောင်းသော သက်ရောက်မှု)
	တွင်းတူးစက်ကိုသယ်ယူခြင်းနှင့် ပြန်လည်သယ်ယူ ပို့ဆောင်ခြင်း	
သယ်ယူပို့ဆောင်ခြင်း	Wellhead platform နှင့် တွင်းတူးစက် တပ်ဆင်ခြင်း (တပ်ဆင်ခြင်း)	ထောက်ပံ့ရေးယာဉ်များတိုးလာခြင်းနှင့် ငါးဖမ်းလုပ်ငန်းများအပေါ် ထိခိုက်နိုင်ခြေများ
	စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ကုန်းတွင်းလုပ်ငန်းများကြောင့် ယာဉ်အရေအတွက်များလာပြီး ဒေသဆိုင်ရာ ယာဉ်ကြောကို အနှောင့်အယှက်ဖြစ်နိုင်ခြင်း
	ထုတ်လုပ်ရေးကိရိယာများ သယ်ယူခြင်း (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	
	APF၊ ACPဆောက်လုပ်ခြင်းနှင့် လည်ပတ်ခြင်း	
ပိုက်လိုင်း၊ ကေဘယ်လ်၊ ရေအောက်ဖွဲ့စည်းတည်ဆောက်ပုံများ	Wellhead platform နှင့် တွင်းတူးစက် တပ်ဆင်ခြင်း (တပ်ဆင်ခြင်း)	တွင်းတူးစက် တပ်ဆင်စဉ် ရေအောက် ကေဘယ်လ်ကြိုးများနှင့် ရေနံပိုက်လိုင်းများ ပျက်ဆီးနိုင်မှု
APF၊ ACPလုပ်ငန်းများ	ကုန်းတွင်းစီမံကိန်း လုပ်ငန်းများအတွက် ဆောက်လုပ်ခြင်းနှင့် လည်ပတ်ခြင်း	ပတ်ဝန်းကျင်နေရာများ၌ နေထိုင်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုများအတွက် အလုပ်အကိုင်၊ ဝင်ငွေနှင့် ခွင့်အလမ်းများ တိုးလာခြင်း
လူမှုစီးပွားရေး	လည်ပတ်ရေးအဆင့်အားလုံး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ပတ်ဝန်းကျင်နေရာများ၌ နေထိုင်သူများ၊ စီးပွားရေး လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အလုပ်အကိုင်၊ ဝင်ငွေနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အခွင့်အလမ်းများ တိုးလာမှု။

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
ယဉ်ကျေးမှုအမွေအနှစ်နယ်မြေများ	Wellhead platform နှင့် တွင်းတူးစက်တပ်ဆင်ခြင်း (တပ်ဆင်ခြင်း)	ပျက်ဆီးသွားသောယဉ်များကဲ့သို့သော ရေအောက်ရှုးဟောင်းနယ်မြေများ ပျက်ဆီးလာနိုင်မှု
ခရီးသွားနှင့် အပန်းဖြေနေရာများ	စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ထုတ်လွှတ်ခြင်း၊ မတော်တဆယိုဖိတ်ခြင်း (သို့) မသင့်တော်သော စွန့်ပစ်ခြင်းမှ အမြင်အလှတရားကွယ်ပျောက်သွားပြီး စွဲဆောင်နိုင်မှုနေရာများ လျော့နည်းလာခြင်း။
လူမှုရေးအခြေအနေ	စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ဘေးအန္တရာယ်များကြောင့် လူမှုဘဝ ကျဆင်းလာခြင်း

ဇယား ၁-၇ ကျန်းမာရေးကဏ္ဍ

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
လူထုကျန်းမာရေး	စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း)	ဘေးအန္တရာယ်ရှိ ဓါတုပစ္စည်းများ၊ ဓါတ်ငွေ့များ ထုတ်လွှတ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းတို့ကြောင့် လူထုအပေါ် ကျန်းမာရေး သက်ရောက်နိုင်မှု
လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်	ရေဆိုး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) Wellhead platform နှင့် တွင်းတူးစက်သယ်ယူပို့ဆောင်ခြင်း Wellhead platform နှင့် တွင်းတူးစက်တပ်ဆင်ခြင်း (တပ်ဆင်ခြင်း) ရွံ့နှင့်ဖြတ်စများစွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း)	ဓါတ်ငွေ့များ ထုတ်လွှတ်ခြင်းကြောင့် အလုပ်သမား များ၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်း shale shakers ကဲ့သို့သော တချို့စနစ်များတွင် H2S များ အလွန်အကျွံ စုပုံခြင်းသည် အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်း ဆူညံသံ - တွင်းတူးစင်ပေါ်ရှိ ဆူညံသံမြင့်မားမှုသည် အလုပ်သမားများ၏ အကြားအာရုံကို ထိခိုက်စေနိုင်ပါသည်။ ဓါတုပစ္စည်းအန္တရာယ် - အလုပ်သမားများသည် ဘေးအန္တရာယ်ရှိသော ဓါတုပစ္စည်းများကို ထိတွေ့စေနိုင်ပါသည်။ ရေဆိုး - အလုပ်နေရာများတွင် မသန့်ရှင်းသော အလေ့အကျင့် များကြောင့် အလုပ်သမားများကြား ကူးစက်ရောဂါများ ပျံ့နှံနိုင်ပါသည်။ ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ - ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ဘဝအရည်အသွေးပေါ်တွင် သက်ရောက်နိုင်ပါသည်။

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
	ကုန်းတွင်းလုပ်ငန်းများအတွက် ဆောက်လုပ်ရေးအဆင့်တွင် ကိရိယာများနှင့် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း	သယ်ယူပို့ဆောင်ရေးမှ မတော်တဆဖြစ်မှုများကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းနှင့် ဒေသတွင်း ပတ်ဝန်းကျင်ညစ်ညမ်းမှု
	APFI ACPဆောက်လုပ်ခြင်းနှင့် လည်ပတ်ခြင်း	သယ်ယူပို့ဆောင်ရေးမှ မတော်တဆဖြစ်မှုများကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ ေသဆုံးခြင်းနှင့် ဒေသတွင်း ပတ်ဝန်းကျင်ညစ်ညမ်းမှု

ဇယား ၁-၈ မျှော်လင့်မထားသောအဖြစ်အပျက်များ ကဏ္ဍ

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
ပေါက်ကွဲခြင်း	တူးဖော်ခြင်း	ဟိုက်ဒရိုကာဗွန်များ ထိန်းချုပ်မှု မရှိဘဲ ပန်းထွက်ခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲထွက်ခြင်းတို့သည် ပတ်ဝန်းကျင်နှင့် လူသားတို့ ထိခိုက်ဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးခြင်းကို ဖြစ်စေပါသည်။
မီးလောင်ခြင်း (သို့) ပေါက်ကွဲခြင်း (ပေါက်ကွဲထွက်ခြင်းနှင့် မသက်ဆိုင်)	လောင်စာသိုလှောင်ခြင်း APFI ACPများ ဆောက်လုပ်ခြင်း၊ စမ်းသပ်ခြင်းနှင့် လည်ပတ်ခြင်း	တွင်းတူးစက် သို့မဟုတ် စက်သုံးဆီ သိုလှောင်သည့် နေရာတွင် ပေါက်ကွဲမှုဖြစ်နိုင်ခြင်း သို့မဟုတ် မီးလောင်နိုင်ခြင်း ကုန်းတွင်းလုပ်ငန်းများ စမ်းသပ်ခြင်း၊ လည်ပတ်ခြင်းမှ ပေါက်ကွဲနိုင်မှု (သို့) မီးလောင်နိုင်မှု
ဓါတုပစ္စည်း၊ လောင်စာဆီ၊ ရေနံ (သို့မဟုတ်) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ယိုဖိတ်ခြင်း	ဓာတုပစ္စည်းများ၊ အန္တရာယ်ဖြစ်စေသော ပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများ သိုလှောင်ခြင်း	မတော်တဆဆီယိုစိမ့်ခြင်းကြောင့် လေအရည်အသွေး၊ ပင်လယ်ရေ အရည်အသွေးနှင့် အဏ္ဏဝါ သတ္တဝါများအပေါ် သက်ရောက်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှု ဖြစ်စေခြင်း
သယ်ယူပို့ဆောင်စဉ် မတော်တဆဖြစ်ခြင်း များ / သဘော်များ တိုက်မိခြင်း	လောင်စာဆီ၊ တွင်းတူးပစ္စည်းများ၊ လူများ၊ ရွှံနှင့် ဖြတ်စများနှင့် စွန့်ပစ်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း တွင်းတူးစင်နှင့် Wellhead platform သယ်ယူပို့ဆောင်ခြင်း/ ပြန်လည်သယ်ယူပို့ဆောင်ခြင်း APFI ACPများ ဆောက်လုပ်ခြင်း၊ စမ်းသပ်ခြင်းနှင့် လည်ပတ်ခြင်း	ပန်ထမ်းများ ထိခိုက်ဒဏ်ရာ ရရှိခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်း ဖြစ်နိုင်ခြေ၊ နေရာကွက်၍ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေခြင်း

ကဏ္ဍ	ဆောင်ရွက်မှု	ထိခိုက်နိုင်ခြေများ
အပူပိုင်းဆိုင်ကလုန်း	လေပြင်းမုန်တိုင်းနှင့် မိုးရွာချခြင်း	တွင်းတူးစင်ပျက်စီးခြင်း၊ ဆီယိုစိမ့်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ခြင်း
ငလျင်လှုပ်ခြင်း	မြေမျက်နှာပြင် ပြောင်းလဲသွားခြင်း	ရုပ်ပိုင်းအနေအထား ပျက်ယွင်းသွားခြင်းကြောင့် တွင်းမှ ရေနံနှင့် သဘာဝဓါတ်ငွေ့များ ပန်းထွက်ခြင်း၊ ဆူနာမီ၊ မီးလောင်ခြင်း၊ ယိုစိမ့်ခြင်း၊ ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်း
